# ဆေးပညာရပ်ဆိုင်ရာကျင့်ဝတ်များကို လိုက်နာဆောင်ရွက်စေရန်နှင့် သမားတု သမားယောင်များ ပပျောက်ရေး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ရန်

## (ထောက်ခံတင်ပြချက် - ၄)

လေးစားအပ်တဲ့ သဘာပတိကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်ကြီးများအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းသာယာပြီး ကာယသုခ၊ စိတ္တသုခနဲ့ မိတ္တသုခလို့ခေါ်တဲ့ သုခသုံးပါးစလုံး ပြည့်စုံကြပါစေလို့ ဂါရဝစိတ်ထားနဲ့ မေတ္တာပို့သအပ်ပါတယ် ခင်ဗျား/ရှင်။

ကျွန်တော်/ကျွန်မကတော့ ------ တိုင်းဒေသကြီး/ပြည်နယ်၊ --------- က ညီလာခံကိုယ်စားလှယ် ဦး/ဒေါ်----- ဖြစ်ပါတယ်။

လေးစားအပ်ပါသော သဘာပတိကြီးနဲ့ အဖွဲ့ဝင်များ ခင်ဗျား/ရှင်။ ကျွန်တော်/ကျွန်မ အနေနဲ့ ------တိုင်းဒေသကြီး/ပြည်နယ်၊ --------- က ညီလာခံကိုယ်စားလှယ် ဦး/ဒေါ်----- အဆိုတင်သွင်းသွားတဲ့ "**ဆေးပညာရပ်ဆိုင်ရာကျင့်ဝတ်များကို လိုက်နာဆောင်ရွက်စေရန်နှင့် သမားတု သမားယောင်များ ပပျောက်ရေး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ရန်**" ဆိုတဲ့အဆိုကို ထောက်ခံ တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်/ကျွန်မတို့နိုင်ငံရဲ့ တိုင်းရင်းဆေးပညာရပ်ဟာ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကပင် မြတ်စွာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သမားတော်ကြီး ဇီဝက ကို "လူတို့၏ နာခြင်း/ဖျားခြင်း အစရှိသည်တို့ကို အဘယ်အကြောင်းအရာကို ကြည့်ရှုပြီးကုသသနည်းဟုမေးမြန်းရာ သမားတော်ဇီဝက က ဘုန်းတော်အလွန် ကြီးမြတ်တော်မူထသော အရှင်ဘုရား။ အဆင်းလက္ခဏာ အင်္ဂါကြီးငယ်နှင့်ပြည့်စုံသော ၄က်တစ်ခုသည် နှလုံးမွှေ့လျော်ဖွယ်ရှိ၏။ သန္တာအဆင်းနှင့်တူသောအခြေလည်း တစ်ဆယ့်နှစ်ချောင်းရှိ၏။ ပတ္တမြားအဆင်းနှင့် တူသောအတောင်လည်းလေးဆယ့်ရှစ်ချောင်းရှိ၏။ ဆန်းကြယ်လှစွာသော အမွေးလည်း သုံးရာ့ခြောက်ဆယ် ရှိ၏။ အမွေးတစ်ချောင်း တစ်ချောင်းတွင်

အမွေးမျှင် တစ်ဖက်သုံးဆယ်ရှိ၏။ ထိုငှက်အမည်ကား နှစ်တည်း။ ဦးခေါင်း သုံးလုံးရှိသည်တည်း။ သုံးလုံးဟူသည်ကား ဥတုသုံးပါးကိုဆိုသတည်း။ သန္တာ အဆင်းနှင့်တူသော အခြေတစ်ဆယ့်နှစ်ချောင်းဟုဆိုသည်ကား တစ်ဆယ့်နှစ်လကို ဆိုသတည်း။ ပတ္တမြားအဆင်းနှင့်တူသော အတောင် လေးဆယ့် ရှစ်ချောင်းဟုဆိုသည်ကား လေးဆယ့်ရှစ်ဥပုသ်ကို ဆိုသတည်း။ ဆန်းကြယ်လှစွာ အမွေး သုံးရာ့ခြောက်ဆယ်ဆိုသည်ကား တစ်နှစ်တွင်ရက်ပေါင်း သုံးရာ့ခြောက် ဆယ်ကို ဆိုသတည်း။ အမွေးချောင်း တစ်ချောင်းတွင် အမွေးမျှင်တစ်ဖက် သုံးဆယ်ဟု ဆိုသည်ကား တစ်နေ့နှင့် တစ်ညဉ့်ကို နာရီ ခြောက်ဆယ်ကို ဆိုသတည်း။ ဤနှစ်ကိုငှက်ပြု၍ မိုးဥတု၊ ဆောင်းဥတု၊ နွေဥတုသုံးပါးတို့တွင် တစ်ဥတုကို လေးဥတုစီခွဲပြန်၍ တစ်ဆယ့်နှစ်ဥတုဖြစ်သတည်း။ တစ်ဆယ့် နှစ်ဥတုတွင် တစ်ဥတုကို လေးဥတုစီခွဲပြန်၍ လေးဆယ့် ရှစ်ဥတုဖြစ်သတည်း။ တစ်နှစ်တွင် ရက်ပေါင်းသုံးရာ့ခြောက်ဆယ်ရှိသောကြောင့် ဥတုသုံးရာ ခြောက်ဆယ် ဟူ၍ဆိုသတည်း။ တစ်နှစ်တွင်ရာသီပေါင်းတစ်သိန်းကိုးသောင်း ရှစ်ထောင်ရှိ၏။ ရှေးဆရာတို့ အလိုတည်း။ နေ့လရက် အရေအတွက် အပိုင်း အခြားတို့ကို အပူအချမ်း မညီသည်/ညီသည်ကို ဆင်ခြင်စေ လို၍ ခွဲဝေထား သည်ကို မှီခိုကြည့်ရှုကုသရပါသည် အရှင်ဘုရား” ဟု ပြန်လည်ဖြေကြား ထားပါသည်။

လေးစားအပ်တဲ့ သဘာပတိကြီးနဲ့အဖွဲ့ဝင်များ ခင်ဗျား/ရှင်။ အထက်မှာ ဖော်ပြခဲ့တဲ့ သမားတော်ကြီး ဇီဝက ကဲ့သို့ပင် မြန်မာ့သမိုင်းခေတ်အဆက်ဆက်မှာ လည်း ထင်ရှားကျော်ကြားတဲ့ တိုင်းရင်းဆေးပညာရှင် လူပုဂ္ဂိုလ်နဲ့ ရဟန်းတော်တွေလည်း အများအပြား ပေါ်ပေါက်ခဲ့ကြပါတယ်။ ဥပမာပြရရင် ပုဂံခေတ်မှာ ထင်ရှားလှတဲ့ ပေါင်းလောင်း ရှင်ကဿပမထေရ်ဆိုရင် ဘေသဇ္ဇပါရဂူ ပညာရှင်တစ်ပါးဖြစ်ပါတယ်။ အဲဒီ မထေရ်ဟာ ဘယ်ရောဂါဝေဒနာကိုမဆို

ဝေဒနာရှင်ကို ကြည့်ရုံမျှနဲ့ ရောဂါအကြောင်းကို သိမြင်ပါတယ်။ လက်လှမ်း မီရာမှာရှိတဲ့ ဆေးဝါးသစ်ပင်သစ်ရွက် တစ်ခုခုကိုခူးပြီး အနံ့အသက်ရှူခိုင်းရုံနဲ့ ဝေဒနာ ပျောက်ကင်း တယ်လို့ မှတ်တမ်းများမှာ လေ့လာဖူးပါတယ်။

ထိုကဲ့သို့ ဆေးပညာရပ်နှင့် ပတ်သက်၍ အသေးစိတ်သိရှိသော ဆေးပညာ သန္ဓေတည်ပါလာသော သမားတော်များ သမိုင်းခေတ်အဆက်ဆက် ပေါ်ထွက် ခဲ့သည်ကို ယနေ့ခေတ် ဆေးပညာရှင်များအနေဖြင့် မိမိတို့၏ဆေးပညာရပ်အပေါ် တန်ဖိုးထားပြီး သေသေချာချာ လေ့လာကြဖို့လည်း လိုအပ်ပါတယ်။ ကမ္ဘာမှာ မြန်မာရယ်လို့ ပေါ်ပေါက်ကတည်းက ရှိနှင့်ပြီးဖြစ်တဲ့ ဆေးပညာရပ်ဆိုရင် မှားမယ်မထင်ပါဘူး။ သမားကောင်းတစ်ယောက် ဖြစ်ဖို့ဆိုတာ ခဲယဉ်းလှပါတယ်။ မြန်မာဘုရင်များလက်ထက်က ထီးနန်းသုံး တော်ဝင်သမားတော် တစ်ယောက် ဖြစ်ဖို့ သာ၍ခက်တယ်လို့ဆိုကြပါတယ်။ ရတနာပုံမြို့တည် မင်းတုန်း ဘုရင် လက်ထက်အခက နန်းတွင်းမှာ ဘိသက္ကရာဇဘွဲ့ရ သမားတော်ကြီး (၁၀) ဦးရှိ တယ်လို့ မှတ်သားဖူး ပါတယ်။ အဲဒီသမားတော်ကြီးတွေဟာ ဘေသဇ္ဇ ပါရဂူထူးချွန်သူများဖြစ်ကြပါတယ်။ ယနေ့ခေတ် တိုင်းရင်း ဆေးတက္ကသိုလ်မှ စာတွေ့ လက်တွေ့ လေးနှစ်၊ အလုပ်သင် တစ်နှစ်၊ ပေါင်း ငါးနှစ် လေ့ကျင့် သင်ကြားပေး၍ အရည်အသွေး ပြည့်ဝသောသမားတော်များကို နှစ်စဉ်မွေးထုတ် ပေးလျက်ရှိပါတယ်။ နိုင်ငံတော်မှလည်း တိုင်းရင်းဆေးရုံ၊ ဆေးခန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ် များတွင်ဖွင့်လှစ်ပြီး တိုင်းရင်း ဆေးသိပ္ပံနှင့် တိုင်းရင်းဆေးတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သော တိုင်းရင်းဆေး ပညာရှင်များဖြင့် ပြည်သူ လူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးလျက် ရှိပါတယ်။

ကျွန်တော်/ကျွန်မတို့ရဲ့ တိုင်းရင်းဆေးဆရာများကိုလည်း အရည်အချင်း ပြည့်ဝပြီး ခံယူချက် မြင့်မားသော၊ ကျင့်ဝတ်နှင့်အညီ ဆေးဝါးကုသမှုပေးသော၊

ဥပဒေကို လိုက်နာသော၊ မြန်မာ့တိုင်းရင်းဆေး ဆရာများဖြစ်ဖို့လည်း လွန်စွာ လိုအပ် လှပါတယ်။ ဒါ့အပြင် ခေတ်အဆက်ဆက်က ကျွန်တော်/ကျွန်မတို့၏ ဘိုးဘေးဘီဘင် သမားတော်ဆရာကြီးများသည် နောင်လာနောင်သားများအတွက် ကောင်းမွန်သော ဆေးပညာရပ်ဆိုင်ရာ အတွေးအခေါ်များကို လေ့ကျင့် ပျိုးထောင်ပေးသည့်အပြင် မိမိတို့၏ တိုင်းရင်းဆေး ပညာရပ်ကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြဖို့လည်း မှာကြားခဲ့ကြတာကို အားလုံးလည်း သိပြီးဖြစ်ပါတယ် ခင်ဗျား/ရှင်။

လေးစားအပ်ပါသော သဘာပတိကြီးနဲ့ အဖွဲ့ဝင်များ ခင်ဗျား/ရှင်။ အထက်မှာ တင်ပြခဲ့သလို အရည် အချင်းပြည့်ဝတဲ့ တိုင်းရင်းဆေးဆရာများဖြစ်စေဖို့နဲ့ ဆေးပညာရပ်ဆိုင်ရာ ကျင့်ဝတ်များ လိုက်နာဆောင် ရွက်ဖို့ဆိုရင် တိုင်းရင်းဆေး ကောင်စီဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရပါမယ်။ တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ်(တဆ)ရ တိုင်းရင်းဆေးဆရာများအတွက် ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလ ၁၄ ရက်နေ့မှာ တိုင်းရင်းဆေးကောင်စီဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းထား ပါတယ်။ ဒီဥပဒေ ပြဋ္ဌာန်းချက်တွေကတော့ -

ဤဥပဒေကို တိုင်းရင်းဆေးကောင်စီဥပဒေဟုခေါ်တွင်စေရမည်။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်။ **တိုင်းရင်းဆေးပညာ** ဆိုသည်မှာ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တဗေဒနယ၊ ဝိဇ္ဇာဓရနယ တည်းဟူသော နယကြီး ၄ ပါးအနက် တစ်ပါးပါးနှင့် အကျုံး ဝင်သော အသက်ရှည်ရာအနာမဲ့ကြောင်း ဆေးပညာရပ် ကိုဆိုသည်။ **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် တိုင်းရင်းဆေးကောင်စီကို ဆိုသည်။ **ကောင်စီဝင်** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော တိုင်းရင်းဆေးကောင်စီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်သူတစ်ဦးဦးကို ဆိုသည်။ **တိုင်းရင်းဆေးဆရာ** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ပြီးဖြစ်သော

တိုင်းရင်းဆေးပညာ တတ်ကျွမ်းသူတစ်ဦးဦးကိုဆိုသည်။ မှတ်ပုံတင် လက်မှတ် ဆိုသည်မှာ တိုင်းရင်းဆေးဆရာအဖြစ် မှတ်ပုံတင်ခွင့်ရရှိသူအား ကောင်စီက ထုတ်ပေးသည့် လက်မှတ်ကိုဆိုသည်ဟု အတိအကျ ဖော်ပြထားပါတယ်။

ဒီဥပဒေကို ပြဋ္ဌာန်းထားတဲ့ ရည်ရွယ်ချက်တွေကတော့ တိုင်းရင်းဆေး ဆရာများ စုစည်း၍ တိုင်းရင်း ဆေးပညာတစ်ရပ်ရပ်ကို အသုံးချပြီး ပြည်သူ လူထု၏ ကျန်းမာရေးကို စောင့်ရှောက်နိုင်ရန်၊ တိုင်းရင်းဆေး ဆရာများအား မိမိတို့၏ ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစေရေးအတွက် ကြီးကြပ် ကွပ်ကဲနိုင်ရန်၊ တိုင်းရင်းဆေးပညာ ခေတ်မီတိုးတက်ရေး၊ သိပ္ပံနည်းကျရေးအတွက် ဆောင်ရွက်နိုင်ရန်နဲ့ တိုင်းရင်းဆေး ပညာ ခေတ်မီတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်ဆိုပြီး ရည်ရွယ်ပြဋ္ဌာန်းထားခြင်း ဖြစ် ပါတယ်။

ဒီလိုရည်ရွယ်ပြဋ္ဌာန်းထားတဲ့ ရည်ရွယ်ချက်တွေအတိုင်းလည်း အကောင် အထည်ဖော် ဆောင်ရွက်ကြစေချင်ပါတယ်။ ဆက်ပြီးထောက်ခံ တင်ပြရရင် တိုင်းရင်းဆေးဆရာတစ်ယောက်အတွက် တိုင်းရင်းဆေး ကောင်စီဥပဒေသည် ဒီအဆိုအတွက် အရေးကြီးလှပါတယ်။ ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း တိုင်းရင်းဆေး ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များထဲမှ တိုင်းရင်းဆေးဆရာ အဖြစ် မှတ်ပုံတင်ခွင့် လျှောက်ထားချက် များကို စိစစ်၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ တိုင်းရင်းဆေးဆရာများ လိုက်နာရမည့်ကျင့်ဝတ်နှင့် စည်းကမ်း များကို သတ်မှတ်ခြင်းနှင့် ကျင့်ဝတ်နှင့် စည်းကမ်းကို ဖောက်ဖျက်သော တိုင်းရင်းဆေးဆရာများအား အရေးယူခြင်းဆိုတဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပါဝင်ရေးဆွဲထားတယ်ဆိုတာလည်း (တဆ) လက်မှတ်ရ တိုင်းရင်းဆေးဆရာများ အသိပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော သဘာပတိကြီးနဲ့အဖွဲ့ဝင်များခင်ဗျား/ရှင်။ အတု အယောင်မဟုတ်တဲ့ တိုင်းရင်း ဆေးဆရာစစ်စစ်၊ တိုင်းရင်းဆေးဆရာ လက်မှတ် ပုံတင်လက်မှတ်(တဆ) ကိုင်ဆောင်ခွင့်ရရှိထားသော တိုင်းရင်းဆေးဆရာ တစ်ယောက်အတွက် တိုင်းရင်းဆေးကောင်စီဥပဒေ ပုဒ်မ ၁၂ မှာပြဋ္ဌာန်းထားတဲ့ အတိုင်း ဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာရပါမည်။ ဒါ့အပြင် ကောင်စီက သတ်မှတ်သည့် ကျင့်ဝတ်နှင့် စည်းကမ်းများကို လည်းလိုက်နာစောင့်ထိန်း ကြရမည်ဖြစ်ပါသည်။ ကောင်စီက အခါအားလျော်စွာသတ်မှတ်သည့် နှစ်စဉ် ကြေးကိုပေးဆောင်ရမည်ဖြစ်သည့်အပြင် ကောင်စီဝင်အဖြစ် တာဝန်ပေးအပ် ခံနိုင်ခွင့်၊ ရွေးချယ်တင်မြှောက် ခံနိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ခွင့်များရှိခြင်း၊ တိုင်းရင်းဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ခွင့်ရှိခြင်း၊ ကောင်စီသို့ အကြံပြုခွင့်ရှိခြင်းနှင့် မိမိ၏နစ်နာချက်များကို ကောင်စီသို့တင်ပြခွင့် ရှိသည်ဟု တိုင်းရင်းဆေးဆရာတစ်ဦးရဲ့ တာဝန်နှင့် ရပိုင်ခွင့်များကိုလည်း ထည့်သွင်း ပြဋ္ဌာန်းပေးထား ပါတယ်။

လေးစားအပ်ပါသော သဘာပတိကြီးနဲ့ အဖွဲ့ဝင်များ ခင်ဗျား/ရှင်။ အထက်မှာ ကျွန်တော်/ကျွန်မ တင်ပြခဲ့တဲ့ တိုင်းရင်းဆေးဆရာတစ်ဦးရဲ့ တာဝန်နှင့် ရပိုင် ခွင့်များ အပြင် (တဆ) ရဆရာများအတွက်လည်း အဆိုရှင်ဖတ်ကြားတင်ပြသွားတဲ့ တိုင်းရင်းဆေးကောင်စီဥပဒေ ပုဒ်မ ၁၃ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ခံရသော ကိစ္စနဲ့ ပတ်သက်၍လည်း အရေးယူခြင်းဆိုင်ရာ တိုင်းရင်းဆေးကောင်စီ ဥပဒေပုဒ်မ ၁၇ ကို ပြဋ္ဌာန်းထားပါသေးတယ်။

ပြဋ္ဌာန်းထားတဲ့ အချက်တွေကတော့ -

ကောင်စီသည် ပုဒ်မ ၁၃ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စွပ်စွဲခံရသော တိုင်းရင်း ဆေးဆရာအား စုံစမ်းစစ်ဆေးနိုင်ရန် အဖွဲ့ဝင် ၃

ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန် ပေးအပ်ရမည်။ ယင်းအဖွဲ့တွင် ကောင်စီဝင်အနည်းဆုံးတစ်ဦး ပါဝင်စေရမည်။ စုံစမ်း စစ်ဆေးရေး အဖွဲ့သည် မိမိစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ကောင်စီသို့တင်ပြရမည် ဟုပါရှိပြီး ပုဒ်မ ၁၈ တွင် ကောင်စီသည် ပုဒ်မ ၁၇ ပုဒ်မခွဲ(ခ)အရ မိမိထံတင်ပြသော အစီရင်ခံစာကို စိစစ်ပြီး စွပ်စွဲခံရသော တိုင်းရင်းဆေးဆရာသည် အပြစ်မရှိကြောင်း တွေ့ရှိရပါက အမှုတွဲပိတ်သိမ်းကြောင်း အမိန့်ချမှတ်ရမည်။ အပြစ်ရှိကြောင်း တွေ့ရှိရပါက အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်ရမည်။ ဒါတွေကတော့ သတိပေးခြင်း၊ မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းနဲ့ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်းတို့ ဖြစ်ပါတယ်။

ဒ့ါအပြင် ပုဒ်မ ၁၉ အရ ကောင်စီက သတ်မှတ်ထားသော အကျင့်စာရိတ္တ ပျက်ပြားရာရောက်သည့် ပြစ်မှုဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော တိုင်းရင်းဆေးဆရာအား ကောင်စီသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ် တစ်ရပ်ရပ်ကိုချမှတ်ရမည် ဟုပြဋ္ဌာန်းထားပါတယ်။ ဒါတွေကတော့ မှတ်ပုံတင် လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းနဲ့ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း ဟူ၍လည်း ပြဋ္ဌာန်းထားပါသေးတယ်။

လေးစားအပ်ပါသော သဘာပတိကြီးနဲ့ အဖွဲ့ဝင်များ ခင်ဗျား/ရှင်။ တိုင်းရင်းဆေးကောင်စီဥပဒေ အခန်း (၁၀) ပါပုဒ်မတွင် တားမြစ်ချက်နှင့် ပြစ်ဒဏ်များကိုလည်း ရေးဆွဲထားပါတယ်။ ဒါတွေကတော့ -

**မည်သူမျှတိုင်းရင်းဆေးကောင်စီက ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ် မရရှိဘဲ ပုဂ္ဂလိကအကျိုး စီးပွားအတွက် ငွေကြေး သို့မဟုတ် အကျိုးခံစားခွင့်ရယူ၍ ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။**

**မည်သူမျှ တိုင်းရင်းဆေးကောင်စီက ထုတ်ပေးသည့် ဆေးကုသခွင့်လက်မှတ်မရှိဘဲ နိုင်ငံခြား တိုင်းပြည်တစ်ခုခု၏ တိုင်းရင်းရိုးရာဆေးပညာကို အသုံးပြု၍ ဆေးကုသည့်လုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။**

လေးစားအပ်ပါသော သဘာပတိကြီးနဲ့အဖွဲ့ဝင်များ ခင်ဗျား/ရှင်။ ဆေးပညာဆိုင်ရာကျင့်ဝတ်များကို လိုက်နာဆောင်ရွက်စေရန်ဟူသော အဆိုပြုချက်နှင့် စပ်လျဉ်း၍လည်း အဆိုရှင်တင်သွင်းသွားတဲ့ တိုင်းရင်း ဆေး ကောင်စီ ဥပဒေပါ ပြဋ္ဌာန်းချက်များဖြစ်တဲ့ **တိုင်းရင်းဆေးသမားတော်တာဝန်ကို ထမ်းဆောင်သူများ မချိုးမဖောက်လိုက်နာရမည့်စည်းကမ်းများနဲ့ သမားကောင်းတို့၏ကျင့်စဉ်** ပြဋ္ဌာန်းချက် (၂၄) ချက်တို့သည် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ အမှန်တကယ်လိုက်နာရမည့် ပြဋ္ဌာန်းချက်များ ဖြစ်ပါတယ်။ အဲဒါကြောင့် (တဆ) လက်မှတ်ရ မြန်မာ့တိုင်းရင်းဆေး ဆရာတွေအားလုံးကလည်း ၎င်းပြဋ္ဌာန်းချက် (၂၄) ချက်ကို လိုက်နာရပါမယ်။ ဒါမှ မှန်ကန်တဲ့ဆေးဆရာများအဖြစ် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ ကမ္ဘာမှာ မျက်နှာမငယ်ဘဲ ဝင့်ထည်စေမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော သဘာပတိကြီးနဲ့ အဖွဲ့ဝင်များ ခင်ဗျား/ရှင်။ ကျွန်တော်/ကျွန်မ တင်ပြခဲ့တဲ့ တိုင်းရင်းဆေးကောင်စီဥပဒေဟာ တိုင်းရင်းဆေး ဆရာအဖြစ် မှတ်ပုံတင်ခြင်းမရှိတဲ့ သမားတု သမားယောင်များနဲ့ လုံးလုံးကြီး ဆန့်ကျင်နေပါတယ်။ ဒါကြောင့် သမားတု သမားယောင်များကို တိုင်းရင်း ဆေးကောင်စီဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း အမြန်ဆုံးစုံစမ်းစိစစ်ပြီး အရေးယူသင့်ပါတယ်။ ဒါ့အပြင် တိုင်းရင်းဆေး ဆရာ မှတ်ပုံတင်လက်မှတ်မရှိတဲ့ သမားတု သမားယောင်များ၏ အန္တရာယ်မှကင်းဝေးရန်နဲ့ မလိုလားအပ်သော ကိစ္စရပ်များ မပေါ်ပေါက်စေဖို့ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနဲ့အတူ ပြည်သူလူထုကပါ ဝိုင်းဝန်း တိုက်ဖျက်ပေးရန်လိုအပ်ပါတယ်။ ပြည်သူလူထု၏ အသက်

အိုးအိမ် စည်းစိမ်များ မဆုံးရှုံးစေရန် အတွက် သမားတု သမားယောင်များ ပပျောက်ရေးကို အဓိကထားပြီး ဆောင်ရွက်စေချင်ပါတယ်။ ဒ့ါအပြင် တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ် (တဆ) ကိုင်ဆောင်ထားသော ဆေးဆရာများ၏ ကျင့်ဝတ် လိုက်နာမှု ရှိ/မရှိကိုလည်း စနစ်တကျ စစ်တမ်းကောက်ယူ စစ်ဆေးသင့်ပါတယ်။

တိုင်းရင်းဆေးကောင်စီဥပဒေနဲ့ ဆေးပညာကျင့်ဝတ်ဆိုင်ရာ အသိပညာဗဟုသုတများ၊ မည်သူက ဆေးပညာရှင်၊ မည်သူကအတုအယောင်ဖြစ်တယ်ဆိုတာ ကွဲကွဲပြားပြား သိရှိစေနိုင်သော သတင်းအချက် အလက်များကို ပြည်သူလူထုထံ ဖြန့်ဝေပေးရန်၊ သမားတု သမားယောင်များပပျောက်ရေး စီမံချက်များ ရေးဆွဲဆောင်ရွက်ရန်၊ ပြည်သူလူထုမှလည်း ပူးပေါင်းပါဝင်ဖော်ထုတ်ရန်၊ တိုင်းရင်းဆေးဆရာမှတ်ပုံတင် လက်မှတ် (တဆ) မရှိဘဲ ဆေးဝါးကုသမှုမပြုကြရန်၊ မိမိတို့၏ အမွေဆက်ခံမည့် သားသမီးများကို နိုင်ငံတော်မှ တရားဝင်ဖွင့်လှစ်ထားသော တိုင်းရင်းဆေးတက္ကသိုလ်ကြီးတွင် တက်ရောက်စေပြီး ချမှတ် ထားသော စည်းကမ်းဥပဒေနှင့်အညီ ဆောင်ရွက်ကြစေလိုကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့် အဆိုရှင်တင်ပြခဲ့တဲ့ -

- တိုင်းရင်းဆေးပညာ (၄) ဘာသာအောင်မြင်သူများ၊ တိုင်းရင်းဆေးသိပ္ပံ၊ တိုင်းရင်းဆေး တက္ကသိုလ် စသည်တို့မှ စနစ်တကျ လေ့ကျင့်မွေးထုတ်ပေးပြီး တိုင်းရင်းဆေးကောင်စီက ပေးအပ်ချီးမြှင့်သော တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ် (တဆ) မရရှိဘဲ ဆေးကုသနေသော သမားတု သမားယောင်များ၊
- သမားတော်တစ်ဦးစောင့်ထိန်းရမည့် နဝရတ်ကတိသစ္စာများ၊ ကျင့်ဝတ်များကိုလိုက်နာမှုမရှိသော သမားတု သမားယောင်များ၊

- ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဆေးဝါးဗေဒ၊ ရောဂါဗေဒပညာရပ်တွေကို သိရှိနားလည်ထားမှုမရှိဘဲ ဆေးကုသမှုပြုလုပ်နေသော သမားတု သမားယောင်များ၊
- ပြည်သူများ၏ အသက် အိုးအိမ် စည်းစိမ်များသာမက တိုင်းရင်းဆေးပညာ၏ ဂုဏ်သိက္ခာကိုပါ ညှိုးနွမ်းပျက်စီးစေအောင် ဆောင်ရွက် နေသော သမားတု သမားယောင်များ၊
- အဆိုရှင် ဥပမာပေး တင်ပြခဲ့တဲ့ ဆီးချိုသွေးချိုရောဂါရှင်များနှင့် မသင့်တော်သော အနာပေါက် ရောဂါကုထုံးများ၊ ကင်ဆာရောဂါများကို လည်း မသင့်တော်သောကုသနည်းများဖြစ်သည့် ပေါင်းဆေး ထိုးခြင်း၊ နားရွက်နောက်မှ သွေးကြောကို ဖြတ်ကာ သွေးတိုးကျသည်ဟုဆိုပြီး ကုသမှုများ ပြုလုပ်နေကြခြင်း၊ Facebook ကဲ့သို့ လူမှုမီဒီယာများမှတဆင့် အန္တရာယ်ရှိသော ကုသနည်းများကို နည်းမျိုးစုံအသုံးပြုကာ တွင်တွင်ကျယ်ကျယ် မဖွယ်မရာ ကုသပေးနေကြသော သမားတု သမားယောင်များ၊
- တရားမဝင် ဖွင့်လှစ်သင်တန်းပေးနေသူများနှင့် ကုသနေသော သမားတု သမားယောင်များ ပပျောက်အောင် ထိထိရောက်ရောက် အရေးယူသင့်ပါကြောင်း တင်ပြလိုပါတယ်။

ဒ့ါကြောင့် ကျွန်တော်/ကျွန်မအနေနဲ့ ------တိုင်းဒေသကြီး/ပြည်နယ်၊ --------- က ညီလာခံ ကိုယ်စားလှယ် ဦး/ဒေါ်----- အဆိုတင်သွင်းသွားတဲ့ “ဆေးပညာရပ်ဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာ ဆောင်ရွက်စေရန်နှင့် သမားတု သမားယောင်များ ပပျောက်ရေး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ရန်” ဆိုတဲ့ အဆိုကို လေးလေးနက်နက်ထောက်ခံပြီး အဖက်ဖက်က ဝိုင်းဝန်းအကောင်အထည်ဖော်

ဆောင်ရွက်ပေးကြ ပါရန် ထောက်ခံတင်ပြအပ်ပါတယ် ခင်ဗျာ/ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်........

DTM